**Max Myanmar Holding Co.,Ltd.**

## 2.4 Occupational Health and Safety (OHS) Policy

### Introduction (နိဒါန်း)

Max Myanmar Holding Co .,Ltd strongly believes that excellent health, and safety standards of our employees directly contribute to the success of the company and as such committed to ensure a safe working environment to enhance company's health and safety climate.

မက်စ်မြန်မာကုမ္ပဏီသည် အကောင်းဆုံးသော လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ချက်များဖြင့် ကုမ္ပဏီ၏အောင်မြင်မှုကိုဖော်ဆောင်ပြီး လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အယူအဆ သဘောထားများကို မြှင့်တင်ခြင်းဖြင့် ဘေးအန္တရာယ်ကင်းသော လုပ်ငန်းခွင်တည်ဆောက်ရေးကို သေချာစွာ တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

We encourage that all of our employees must coordinate and comply with policies, rules & regulations and procedures of occupational health, safety and environment.

ကုမ္ပဏီ၏ဝန်ထမ်းများအားလုံးတို့သည် လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို ပူးပေါင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်သည်။

OHS policies of Max Myanmar Holding Co., Ltd shall be enforced through regular training and communication with all employees and other person as including third party affected by the undertakings of Max Myanmar Holding Co., ltd.

မက်စ်မြန်မာကုမ္ပဏီသည် OHS ဆိုင်ရာမူဝါဒများကို ကုမ္ပဏီ၏ဝန်ထမ်းများ၊ မိမိတို့ကုမ္ပဏီနှင့် ဆက်စပ်လုပ်ကိုင်သွားမည် အခြားသောလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးတို့နှင့် ပုံမှန်ဆက်သွယ် ဆွေးနွေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းများကို တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်သည်။

### Objectives (ရည်ရွယ်ချက်များ)

Max Myanmar Holding Co., Ltd will strive to be successful all the policies as per following objectives;

မက်စ်မြန်မာသည် မူဝါဒများအောင်မြင်နိုင်ရန် အောက်ပါရည်ရွယ်ချက်များဖြင လုပ်ဆောင်သွားပါမည်။

- To set occupational health and safety goals and action plans to ensure implementation and improvements of occupational health and safety standards.

  လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးရည်မှန်းချက်များချမှတ်၍ အကောင်အထည် ဖော်ဆောင်ရွက်ရန်နှင့် စံသတ်မှတ်ချက်များအားတိုးတက်မြင့်မားစေရန် စီမံချက်များဖြင့်သေချာစွာ စနစ်တကျဆောင်ရွက်ရန်။

- To monitor occupational health and safety performance standards through regular site inspections, audits and reviews of company’s OHS performance.
  ကုမ္ပဏီ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စွမ်းဆောင်ရည်များကို လုပ်ငန်းခွင် ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်းများ၊ အကဲဖြတ်စစ်ဆေးခြင်းများဖြင့် စဉ်ဆက်မပြတ် ကြီးကြပ် ဆောင်ရွက်ရန် နှင့် စွမ်းဆောင်ရည်အကဲဖြတ်ခြင်းများကို ပြန်လည်သုံးသပ်ဆောင်ရွက်ရန်။

- To identify foreseeable hazards and assess risks in respect of company’s undertakings and that suitable and sufficient control measures are implemented.


  ကြိုတင်သိမြင်နိုင်သော ဘေးအန္တရာယ်များကို ဖော်ထုတ်ထားရှိရန်၊ ၎င်းတို့၏ အန္တရာယ်ရှိမှု အတိုင်းအဆများကို ကုမ္ပဏီ၏တာဝန်ယူမှုဖြင့် လေ့လာသုံးသပ်ရန်နှင့် သင့်လျော်ပြီး ပြည့်စုံလုံလောက်သော ထိန်းချုပ်မှုများ ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။
- To ensure both financial and physical resources which make available to support occupational health and safety policy.

  လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒများကို ထောက်ပံ့ပေးနိုင်ရန် သင့်လျော်သော ငွေကြေးအင်အားနှင့် လူစွမ်းအားအရင်းအမြစ်များကို တာဝန်ယူဖြည့်ဆည်းထားရှိရန်။
- To ensure all the employees are provided with sufficient information, training and supervision to enable them to work safely and productively.

  လုပ်ငန်းခွင်များအတွင်း စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အလုပ်လုပ်ဆောင်နိုင်စေရန် ဝန်ထမ်းများအတွက် လိုအပ်သောသတင်းအချက်အလက်များ၊ ကြီးကြပ်ညွှန်ကြားခြင်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို သေချာစွာစီမံဆောင်ရွက်ထားရှိရန်။

**Organizational Structure of Occupational Health and Safety Team**

**(လုပ်ငန်းခွင် ကျန်းမာရေး နငဘေးအန္တရာယ်ကင်းရှင်းရေး ထိန်းသိမ်းရေး အဖွဲ့ ဖွဲ့စည်းမှုပုံစ)**



**Responsibilities of OHS Team**

**(လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအဖွဲ့၏တာဝန်များ)**

**CEO/Executive Directors/Directors**

**(အလုပ်အမှုဆောင်အရာရချုပ် / အလုပ်အမှုဆောင် ဒါရိုက်တာများနှင့် ဒါရိုက်တာများ)**

Top management are responsible for OHS which has overall and final responsibility for occupational health and safety within the company as follows;

လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသောအထက်စီမံညွှန်ကြားသူအရာရှိအဖွဲ့များသည် ကုမ္ပဏီအတွင်းရှိလုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အောက်ဖော်ပြပါအတိုင်း အလုံးစုံအပြီးသတ် တာဝန်ယူ ဆောင်ရွက်သွားမည်။

- Responsible for OHS standards, committed to undertaking regular site inspections and meetings with managers, supervisors and employees in respect of OHS conditions.

  လုပ်ငန်းခွင် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သော မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများ၊ ဝန်ထမ်းများနှင့် ပုံမှန်အစည်းအဝေးပြုလုပ်ခြင်းများ၊ ချမှတ်ထားသော လုပ်ငန်းခွင်ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်းများကို တာဝန်ယူ ဆောင်ရွက်သွားမည်။

- Ensure OHS policy is put into practice in line with day to day activities of all employees.

  လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒများကို ဝန်ထမ်းများမှနေ့စဉ်လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် အလေ့အထကောင်းများကို သေချာစွာ လုပ်ဆောင်သွားပါမည်။

- Ensure that the most suitable and competent person or team is appointed to provide the company with OHS advices.

  ကုမ္ပဏီ၏ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အကြံဉာဏ်များပေးရန်အတွက် သင့်လျော်၍အရည်အချင်းရှိသူများ(သို့မဟုတ်) အသင်းအဖွဲ့များကို စီမံခန့်အပ်ရာတွင် သေချာစွာ ဆောင်ရွက်ပါမည်။

- Responsible to review the company occupational health and safety action plan in liaison with occupational health and safety advisory team, department heads, supervisors and employees.

  လုပ်ငန်းခွင်ကျန်းမာရေးနှင ဘေးအန္တရာယ်ကင်းရှင်းရေးအကြံပေးအဖွဲ့များ၊ ဌာနမှူးများ၊ ကြီးကြပ်ရေးမှူးများနှင့်ဝန်ထမ်းများဖြင့် ချိတ်ဆက်ဆောင်ရွက်၍ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်

ကင်းရှင်းရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ပြန်လည် သုံးသပ်စစ်ဆေးရန် တာဝန်ယူ ဆောင်ရွက်သွားမည်။

**Department Heads (ဌာနမှူးများ)**

- Be aware of and understand the legal requirements relating to operations under their control and ensure that safety precautions and measures are fully and correctly implemented in accordance with the appropriate risk assessments, method of statements, safe work procedures and permit to work system.

  ဌာနမှူးများသည် မိမိတို့တာဝန်ယူထိန်းချုပ်နေသော လုပ်ငန်းများနှင့် ပတသက်သည့်ဥပဒေ လုပ်ထုံးလုပ်နည်းများအရ လိုအပ်ချက်များကိုသိရှိနားလည်ပြီး၊ ကောင်းမွန်ဆီလျော်သော အန္တရာယ်ရှိမှု အတိုင်းအဆ အကဲဖြတ် ဆန်းစစ်ခြင်းများ၊ သက်ဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များနှင့် အလုပ်လုပ်ရန် ခွင့်ပြုမိန့်စနစ်များနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်ထိန်းချုပ်မှုများကို တိကျ မှန်ကန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

- Ensure that all employees are provided with clear instruction and close supervision about OHS policies.

  လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး မူဝါဒများနှင့် စပ်လျဉ်း၍ ဝန်ထမ်းများအား ရှင်းလင်းသော ညွှန်ကြားချက်များနှင့် အနီးကပ် ကြီးကြပ်ခြင်းများကို သေချာစွာ လုပ်ဆောင်ရမည်။

- Report any defects in plant, tools, equipment and means of access to top management responsible for occupational health and safety immediately.

  လုပ်ငန်းခွင်စက်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ လက်သုံးကိရိယာများနှင့် ဝင်ပေါက် ထွက်ပေါက်များ ၊ အတက်အဆင်းများအားလုံးတို့၏ ချို့ယွင်းပျက်စီးမှုများကို လုပ်ငန်းခွင် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သောအထက်အရာရှိအဖွဲ့ထံသို့ ချက်ချင်း တင်ပြရမည်။

- Ensure that all employees and subcontractors working on site make full and proper use of their personal protective equipment (PPE) which are provided by related subsidiaries.

  လုပ်ငန်းခွင်ရှိ ဝန်ထမ်းများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအား သက်ဆိုင်ရာ လုပ်ငန်းရှင်များမှ စီမံထောက်ပံ့ပေးထားသော ကိုယ်ခန္ဓာ ကာကွယ်ရေးပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိနေစေရန် နှင့် စနစ်တကျ ဝတ်ဆင် လုပ်ကိုင်စေရန် သေချာစွာဆောင်ရွက်ရမည်။

**Operative Supervisors and Employees (လုပ်ငန်းကြီးကြပ်ရေးမှူးနှင့် ဝန်ထမ်းများ)**

All operative supervisors and employees are responsible for;

လုပ်ငန်းကြီးကြပ်ရေးမှူးများနှင့် ဝန်ထမ်းများသည် အောက်ပါ တာဝန်များကို လုပ်ဆောင်ရမည်။

- Using the correct methods and equipment for the specific job, keeping the tools in good condition and are properly maintained and reporting defects in any tools or parts of equipment immediately.

  သက်ဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုသော ကိရိယာ တန်ဆာပလာများနှင့် နည်းစနစ်များက မှန်ကန်စွာ တပ်ဆင်အသုံးပြုခြင်း၊ လက်သုံးကိရိယာများကို ကောင်းမွန်စွာ စနစ်တကျ ထိန်းသိမ်းထားရှိခြင်းနှင့် ပစ္စည်းတစ်ခုခုပျက်စီးချို့ယွင်းပါက ချက်ချင်းအကြောင်းကြား ရမည်။

- Wearing and using personal protective equipment (PPE) correctly, keeping them clean and in good working condition and reporting any defect or damage immediately.

  ကယ်ခန္ဓာကာကွယ်ရေးပစ္စည်းများကိုမှန်ကန်စွာဝတ်ဆင်အသုံးပြုခြင်း၊သန့်ရှင်း၍ အန္တရာယ်ကင်းစွာအသုံးပြုနိုင်စေရန်ထိန်းသိမ်းထားရှိခြင်းနှင့်ပျက်စီးချို့ယွင်းမှုများကိုချက်ချင်း အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ရမည်။

- Carrying out tasks in accordance with instructions included in any risk assessments, method of statements, safe work procedures and permit to work systems.

  အလုပ်လုပ်ရန်ခွင့်ပြုမိန့်စနစ်များ၊သက်ဆိုင်ရာလုပ်ငန်းစဉ်များ၊ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များ နှင့်အန္တရာယ်ရှိမှု အတိုင်းအဆ အကဲဖြတ်ဆန်းစစ်ခြင်းများတွင် ဖော်ပြထားသော ညွှန်ကြားချက်များ အတိုင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရမည်။

- Use only proper means of access to and egress from the workplace.

  အလုပ်ခွင်အတွင်း သင့်လျော်သော ဝင်ပေါက် ထွက်ပေါက်များကို အသုံးပြုရပါမည်။

- Have personal regard for their own health and safety and that of other persons.

  မိမိတို့၏ကိုယ်ပိုင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားသကဲ့သို့ အခြားသူများအတွက်လည်း အလေးထားဆောင်ရွက်ရမည်။

- Attending occupational health & safety talks, presentations, trainings and workshops etc.

  လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ နှင့် လိုအပ်သော သင်တန်းများ စသည်တို့ကို ပါဝင်တက်ရောက်ရမည်။

- Complying with legal requirements, OHS rules and regulations of the company.

ကုမ္ပဏီ၏ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေအရ တရားဝင်လိုအပ်ချက်များကို လိုက်နာရမည်။

**Occupational Health and Safety Advisory Team**

**(လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အကြံပေးအဖွဲ့)**

- Through OHS committee, provide occupational health and safety advice and guidance on policy matters to company in liaise with clients, customers, sub-contractors and suppliers etc.

  ကုမ္ပဏီ နှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းအပ်နှံသူများ၊ ဝယ်ယူသုံးစွဲသူများ၊ တဆင့်ခံ ကန်ထရိုက်တာများ နှင့် ပါဝင်ထောက်ပံ့သူများ အစရှိသူတို့အား လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး မူဝါဒများဆိုင်ရာ အကြံပြုချက်များနှင့် လမ်းညွှန်ချက်များပေးခြင်းတို့ကို OHSE ကော်မတီမှတဆင့် ဆောင်ရွက်သွားမည်။

- Assist the company in keeping up to date with all relevant statutory provisions, code of practices and guidance and assist in formation of appropriate internal guidance and documentation in setting internal OHS standards.

  ကုမ္ပဏီ၏ သက်ဆိုင်ရာ တရားဝင်ပြဌာန်းထားသော စီမံထားရှိချက်များ၊ စံသတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို အစဉ်ခေတ်မီနေစေရန် နှင့် မိမိတို့ကုမ္ပဏီ၏ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစံနှုန်းများ ချမှတ်ရာတွင် ကောင်းမွန်ဆီလျော်သော လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်း စာရွက်စာတမ်းများကို ကူညီပံ့ပိုးပေးသွားမည်။

- Assist in operations / productions and implementation of OHS management system of company.

  ကုမ္ပဏီ၏ ဆောင်ရွက်နေသောလုပ်ငန်းများနှင့် လုပ်ငန်းခွင် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များကို အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးသွားမည်။

- Undertake regular inspections/ audits of sites and company office on hazard precautions and compliance with statutory requirements, company policies and procedures.

  ကုမ္ပဏီ၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပြဌာန်းထားသော တရားဝင်လိုအပ်ချက်များနှင့်အညီ ကိုက်ညီမှု ရှိ၊ မရှိ အခြေအနေများ နှင့် အန္တရာယ်ကြိုတင်ကာကွယ်မှုများကို ကုမ္ပဏီ၏ ရုံးဧရိယာများနှင့် လုပ်ငန်းခွင် ဧရိယာများတွင် ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်းများနှင့် အကဲဖြတ် စစ်ဆေးခြင်းများကို တာဝန်ယူဆောင်ရွက်သွားမည်။

- Based on findings of regular inspection / audit, report on unsafe acts, unsafe conditions and OHS compliance of company.

ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်းများနှင့် အကဲဖြတ် စစ်ဆေးခြင်းများမှ စစ်ဆေးတွေ့ရှိချက်များကို အခြေခံ၍ အန္တရာယ်ရှိသော အပြုအမူများ၊ အခြေအနေများနှင့် ကုမ္ပဏီ၏ လုပ်ငန်းခွင် ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုအခြေအနေများကို အစီရင်ခံတင်ပြသွားမည်။

- Attend company OHS review meetings when required to do so to provide advice on all matters relating to occupational health and safety.

  လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုချက်များ ပေးနိုင်ရန် လိုအပ်ပါက ကုမ္ပဏီ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ပြန်လည သုံးသပ်ရေး အစည်းအဝေးများသို့ တကရောက်ပါမည်။

- Advise the company and make recommendations on OHS to enforce continuous improvement.

  တိုးတကမှုအခြေအနေများ ဆက်လက်တည်ရှိနေစေရန် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်များချမှတ်ပေးပြီး ကုမ္ပဏီအား အကြံပေးခြင်းတို့ကို ဆောင်ရွက်သွားမည်။

**Risk Assessment Policy** (ဘေးအန္တရာယ်ရှိမှု အတိုင်းအဆ အကဲဖြတ်ဆန်းစစ်ခြင်းမူဝါဒ)

1. Max Myanmar Holding Co., Ltd. shall ensure that all tasks undertaken by the company are risk-assessed in accordance with the requirements of the OHS policy.

   ကုမ္ပဏာသည် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ လအပ်ချက်များအရမိမိတို့ တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများကြောင့်ထိခိုက်မှုများမရှိစေရန်ဘေးအန္တရာယ်ရှိမှု အတိုင်းအဆ အကဲဖြတ်ဆန်းစစ်ခြင်းများကို ဆောင်ရွက်ပါမည်။

2. All risk assessments shall be reviewed at least once in three years or where it is apparent that new information on safety and health risks surfaces or the work activity has changed or after any accident/incident occurrences.

   လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိမှု အတိုင်းအဆ အကဲဖြတ်ဆန်းစစ်ခြင်းများကို အနည်းဆုံးသုံးနှစ်တစ်ကြိမ်၊ (သို့မဟုတ်) ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ကျန်းမာရေး အန္တရာယ်ရှိမှု အတိုင်းအဆများ အသစ်ထပ်မံထွက်ပေါ်လာချိန်၌ လည်းကောင်း (သို့မဟုတ်) လုပ်ငန်းဆောင်တာများ ပြောင်းလဲသွားချိန်၌ လည်းကောင်း (သို့မဟုတ်) မတော်တဆထိခိုက်မှုများဖြစ်ပေါ်ပြီးချိန်၌ လည်းကောင်း ပြန်လည်အကဲဖြတ်ခြင်းကို ပြုလုပ်သွားပါမည်။

3. Max Myanmar Holding Co., Ltd shall ensure that all the control measures in approved risk assessment are implemented on site correctly by conducting regular inspections and audits.

   ကုမ္ပဏီသည် ဘေးအန္တရာယ်ရှိမှုအတိုင်းအဆ အကဲဖြတ်စစ်ဆေးခြင်းလုပ်ငန်းစဉ်ပါ ကြိုတင်ထိန်းချုပ်ခြင်းနည်းလမ်းများအားလုံးတို့ကို လုပ်ငန်းခွင်များတွင် မှန်ကန်သေချာစွာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ရှိ၊ မရှိ ကို ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်းများနှင့် အကဲဖြတ်စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်သွားပါမည်။

4. The finding of site health and safety inspections and audits will initially be reported verbally to company Safety Representatives/Site Managers/ Supervisors for immediate action where appropriate and then be reported to CEO or Executive Directors responsible for occupational health and safety.

   လုပ်ငန်းခွင်များ၏ ကွင်းဆင်းစစ်ဆေးခြင်းများ နှင့် အကဲဖြတ်စစ်ဆေးခြင်းများမှ တွေ့ရှိချက်များကို ချက်ချင်းဆောင်ရွက်ရန်ကိစ္စရပ်များအတွက် သင့်လျော်ကောင်းမွန်သော အရေးယူဆောင်ရွက်ခြင်းများ လုပ်ဆောင်နိုင်ရန်အလို့ငှာ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ခံ မန်နေဂျာများနှင့် ကြီးကြပ်ရေးမှူးများအား ပထမဦးစွာ နှုတ်အားဖြင့် အသိပေးရှင်းလင်း ပြောကြားသွားမည်ဖြစ်ပြီး၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ အမှုဆောင်ဒါရိုက်တာများထံသို့လည်း အစီရင်ခံတင်ပြသွားမည်။

5. Hazards which are not previously assessed are identified in health and safety audits and site inspection reports, the OHS advisor has to identify and make recommendations for the implementation of control measures to remove or reduce those risks with reasonably practicable to an acceptable level.

   လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရင်းရေး အကြံပေးသည် လုပ်ငန်းခွင်ကွင်းဆင်းစစ်ဆေး ခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်းအစီရင်ခံစာတွင် မူလက အန္တရာယဖော်ထုတ်ရာ၌ မပါရှိခဲ့သော ဘေးအန္တရာယများအား ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ယင်းဘေးအန္တရာယ်ရှိမှု အတိုင်းအဆ များကို

လျှော့ချခြင်းများ (သို့မဟုတ်) အဆုံးသတ်ဖယ်ရှားခြင်းများ နှင့် ခွင့်ပြုသတ်မှတ်ထားသောအဆင့် အခြေအနေသို့ရောက်ရှိရန် ဆီလျော်သောထိန်းချုပ်မှု အလေ့အထများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အကြံပြုချက်များ ထုတ်ပြန်ပေးသွားမည်။

6. Periodically the appointed OHS advisor shall carry out a review of health and safety audits and site inspections to ensure whether actions required to be implemented have been carried out or not, whether the control measures are in place and the actions closed out or not.

ခန့်အပ်ထားသော လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အကြံပေးသည် လုပ်ငန်းခွင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်းအစီရင်ခံစာများတွင် ဖော်ပြထားရှိသော တည့်မတ် လုပ်ဆောင်ရမည့်ဆောင်ရွက်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေ များ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပြုပြင်ဆောင်ရွက်ချက်များ၏ ပြီးဆုံးမှုအခြေအနေများ ရှိ၊ မရှိကို အခါအားလျော်စွာ ပြန်လည်သုံးသပ်သွားရမည်။

**Safe plant, Tools and Equipment Policy**

**(ဘေးအန္တရာယ်ကင်းရှင်းသော စက်၊ စက်ပစ္စည်းကိရိယာများနှင့် လက်သုံးကိရိယာများမူဝါဒ)**

1. Max Myanmar Holding Co., Ltd recognizes that it has a legal requirement which all plants, tools and equipment supplied to the employees in the workplaces are safe to use and maintain in a safe condition.

မက်စ်မြန်မာကုမဏီသည် အားလုံးသောအလုပ်သမားဝန်ထမ်းများအတွက် လုပ်ငန်းခွင်များတွင် အသုံးပြုရန်ထောက်ပံ့ထားသော စက်နှင့် စက်ပစ္စည်းကိရိယာများ၊ လက်သုံးကိရယာ တန်ဆာပလာများ ကို ဥပဒေအရ တရားဝင်လိုအပ်ချက်များနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်နှင့် ယင်းပစ္စည်းကိရိယာတန်ဆာပလာများ၏ ဘေးအန္တရာယ် ကင်းရှင်းမှု အခြေအနေများ တွင် ရှိနေစေရန် ထိန်းသိမ်းဆောင်ရွက်သွားပါမည်။

2. The employees who are required to employ and/or operate plant and/or equipment shall be provided with suitable and sufficient training and instruction in the use of plant and/or equipment prior to use, and/or shall have up to date relevant qualification/certification to establish their competencies for the safe use and operation of the plant and /or equipment concerned.

သက်ဆိုင်ရာလုပ်ငန်းခွင်များတွင်ဆောင်ရွက်ကြမည့်ဝန်ထမ်းများကိုအသုံးပြုမည့်စက်ပစ္စည်းကိရိယာ များနှင့်ပတ်သတ်၍လုပ်ငန်းများမစတင်မီ သင့်လျော်လုံလောက်သောသင်တန်းများပို့ချခြင်း၊ အန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရန်အတွက် ညွှန်ကြားချက်ပေးခြင်းများနှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှု အရည်အချင်းများကို ခေတ်နှင့်အညီပြောင်းလဲလာသောအခြေအနေများပေါ်မူတည်၍ သက်ဆိုင်ရာ အရည်အချင်း အသိအမှတ်ပြုသင်တန်းများကိုလည်း စီမံဆောင်ရွက် သွားမည်။

3. The company shall undertake regular and routine inspections of supplied hand held tools and equipments for use in the workplace to ensure that they are maintained in

good condition and are safe for use. Whenever plants, tools and equipment in any site are found to be defective or otherwise unsafe for use, it shall be reported immediately to the project/ site /operation manager or supervisor.

ကုမ္ပဏီသည် လုပ်ငန်းခွင်များတွင် အလုပ်သမားများအတွက် ကိုင်တွယ်အသုံးပြုရန် စီမံပေးထားသော လက်သုံးကိရိယာများ၊ စက်နှင့်စက်ပစ္စည်းကိရိယာများကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိရန်နှင့် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန်အတွက် ချမှတ်ထားသည့်အစီအစဉ်အရ ပုံမှန်စစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည်။ မည်သည့်လုပ်ငန်းခွင်တွင်မဆို ပျက်စီးယိုယွင်းမှုများ ရှိပါက (သို့မဟုတ်)အသုံးပြုရန် ဘေးကင်းလုံခြုံမှု မရှိပါက အလုပ်ရုံ /စီမံကိန်း မန်နေဂျာ (သို့မဟုတ်) ကြီးကြပ်သူထံသို့ ချက်ချင်းအကြောင်းကြားရပါမည်။

4. Managers, supervisors or top management responsible for health and safety, if available, shall be responsible for checking and ensuring all new plants, tools and equipment meet the required certification standard before being purchased or hired, and is safe to use or its intended purpose.

လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံညွှန်ကြားသူများ၊ ကြီးကြပ်သူများ (သို့) အထက်အရာရှိများသည် လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် အသစ်တပ်ဆင် အသုံးပြုမည့် စက်ပစ္စည်းကိရိယာများကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်စေရန်အတွက် ဝယ်ယူခြင်း (သို့မဟုတ်) ငှားရမ်းသုံးစွဲခြင်းမပြုမီ သတ်မှတ်ထားသောစံနှုန်းများနှင့်အညီ  ကိုက်ညီမှု ရှိစေရန် သေချာစွာ စစ်ဆေးရပါမည်။

## Safe Handling and Use of Hazardous Substances Policy

## (အန္တရာယ်ရှိပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုခြင်းမူဝါဒ)

1. The top management responsible for OHS, project/operation/site managers and supervisors shall be responsible to ensure that all hazardous substances are well assessed for the requirements prior to purchase or being used in the workplaces.

   ကုမ္ပဏီ၏စီမံညွှန်ကြားသူများ၊ စီမံကိန်းမန်နေဂျာများ၊ အလုပ်ရုံမန်နေဂျာများ၊ လုပ်ငန်းခွင်မန်နေဂျာများနှင့်ကြီးကြပ်သူများသည် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မိမိတို့ လုပ်ငန်းတွင် အသုံးပြုမည့် လိုအပ်သည့် အန္တရာယ်ရှိပစ္စည်းများကို အသုံးမပြုမီ (သို့မဟုတ်) ဝယ်ယူခြင်းမပြုမီ လိုအပ်ချက်များကို သေချာစွာ အကဲဖြတ်စစ်ဆေးရန် တာဝန်ရှိပါသည်။

2. Whereas any employee is exposed to certain hazardous substances ( e.g. asbestos) the company shall arrange for health surveillance to be undertaken and the required medical  records are maintained for the prescribed period.

   ဝန်ထမ်းတစ်ဦးသည် အန္တရာယ်ရပစ္စည်းများ(ဥပမာ – မီးခံကျောက်ဂွမ်း)ဖြင့် ထိတွေ့ကိုင်တွယ်မိပါက ကုမ္ပဏီမှ အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုများကို စီစဉ်ဆောင်ရွက်ပေးပြီး ဆေးဝါးကုသမှု ခံယူချိန်အတွင်းလိုအပ်သည့်ကျန်းမာရေး မှတ်တမ်းကိုလည်း ထိန်းသိမ်းထားရှိသွားမည်။

3. Safe handling assessments of hazardous substances shall be reviewed at least annually or when it is apparent that the assessment is no longer valid, or where the substance is to be used in an area where additional safety precautions may be required (e.g.

confined spaces) or the substance may come into contact with other substances creating additional hazards whichever is the sooner.

အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်းများကို အနည်းဆုံးတစ်နှစ်တစ်ခါ (သို့မဟုတ်) ⁄ င်းအကဲဖြတ်ဆန်းစစ်ခြင်းများသည် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီတော့သည့်အခြေအနေများတွင်လည်းကောင်း (သို့မဟုတ်) အန္တရာယ်ရှိပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်မှုများ ထပ်မံလိုအပ်သောနေရာများ ( ဥပမာ – အလုံပိတ်အခန်းတွင်းနေရာများ) ၌ကိုင်တွယ်အသုံးပြုသောအခါများတွင်လည်းကောင်း၊ အခြားဓာတုပစ္စည်းများနှင့် ထိတွေ့သည့်အခါ ထပ်တိုးဘေးအန္တရာယ်များ ဖြစ်ပေါ်စေနိုင်သည့် အခြေအနေများတွင်လည်းကောင်း ပြန်လည်အကဲဖြတ်ဆန်းစစ်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်။

4. Whenever reasonably practicable, hazardous substances shall be replaced by non-hazardous or less hazardous substances.

အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကို အန္တရာယ်မဖြစ်စေသော (သို့မဟုတ်) အန္တရာယ်ဖြစ်ရန်နည်းပါးသော ပစ္စည်းများဖြင့် ကောင်းမွန်ဆီလျော်စွာ အစားထိုးအသုံးပြုသွားမည်။

5. Max Myanmar Holding Co., Ltd shall comply with all required environmental control measures at our workplace premises and shall ensure, so far as is reasonably practicable, provision of waste collecting area and proper waste containers on site systematically. All waste containers are disposed of correctly by licensed waste contractors and are not permitted to damage the environment.

ကုမ္ပဏီသည် မိမိတို့လုပ်ငန်းခွင်များအားလုံးတို့တွင် လိုအပ်သောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထိန်းချုပ်မှုစည်းမျဉ်းများကိုလိုက်နာဆောင်ရက်ပြီး၊ လုပ်ငန်းခွင်များ၌ ကောင်းမွန်ဆီလျော်သောစွန့်ပစ်ပစ္စည်းထားရာနေရာနှင့် စွန့်ပစ်ပစ္စည်းထည့်သည့်ပုံးများကို စနစ်တကျစီမံထားရှိ၍ လိုင်စင်ရစွန့်ပစ်ပစ္စည်းကန်ထရိုက်တာများကိုအပ်နှံကာ မှန်ကန်သောနည်းဖြင့် စွန့်ပစ်စေပြီးပတ်ဝန်းကျင်အားဘေးဖြစ်စေမည့် စွန့်ပစ်ခြင်းမျိုးကို လုံးဝ ခွင့်မပြုပါ။

**Information, Instruction and Supervision Policy**

**(သတင်းအချက်အလက်၊ညွှန်ကြားရေးနှင့် ကြီးကြပ်ကွပ်ကဲရေး မူဝါဒ)**

1. Information for company employees on OHS shall be prominently displayed on all sites where the company operates.

ကုမ္ပဏီဝန်ထမ်းများအား လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတင်းအချက်အလက်များကို အလုပ်ရုံများ၌သော်လည်းကောင်း၊ လုပ်ငန်းခွင်များ၌သော်လည်း ကောင်းသိသာထင်ရှားစွာ ဖော်ပြထားပါမည်။

2. The company shall ensure that site managers, supervisors and / or professional trainers responsible for health and safety where applicable, supervise and monitor inexperienced trainees/apprentices.

ကုမ္ပဏီမှ ချမှတ်ထားသော လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကျင့်ထုံးများကို လုပ်ငန်းခွင်မန်နေဂျာများ နှင့် ကြီးကြပ်ရေးမှူးများမှ အတွေ့အကြုံမရှိသေးသော ဝန်ထမ်းသစ်များ၊ အလုပ်သင်များအား စည်းကမ်းများနှင့်အညီ လိုက်နာကျင့်ဆောင်နိုင်စေရန စဉ်ဆက်မပြတ်ကြီးကြပ် ဆောင်ရွက်ပါမည်။

3. Where the company accepts or employs inexperienced person (s), it is a compulsory requirement that specific risk assessment (s) shall be carried out in order to identify the hazards particularly related to the employment of inexperienced persons in the workplace.

ကုမ္ပဏီသည် အတွေ့အကြုံမရှိသေးသော ဝန်ထမ်းသစ်များအား သက်ဆိုင်ရာလုပ်ငန်းခွင်များ၌ ခန့်အပ်စေခိုင်းရာတွင် ဖြစ်ပေါ်လာနိုင်သည့်ဘေးအန္တရာယ်များကို ရှာဖွေဖော်ထုတ်သတ်မှတ်ခြင်း လုပ်ငန်းစဉ်များအရ၊ သီးခြားအန္တရာယ်ရှိမှု အတိုင်းအဆ အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းများကို ချမှတ်ထားသော မူဝါဒများနှင့်အညီ ဆောင်ရွက်သွားမည်။

**Competency for Tasks and Training Policy**

**(အလုပ်တာဝန်များနှင့် သင်ကြားရေးအရည်အသွေးမူဝါဒ)**

1. Max Myanmar Holding Co., Ltd recognized that it has a responsibility to provide sufficient informations, instructions and supervisions to the employees. This will be provided by competent persons of training ,determined by the company.

   ကုမ္ပဏီသည် ဝန်ထမ်းများအား လိုအပ်သော သတင်းအချက်အလက်များ၊ ညွှန်ကြားချက်များ၊ သင်ကြားပို့ချချက်များ နှင့် ကြီးကြပ်ကွပ်ကဲမှုများ လုပ်ဆောင်ပေးရန် တာဝန်ရှိပါသည်။ ယင်းအစီအစဉ်များကို ထောက်ပံ့ရာတွင် ကုမ္ပဏီမှ သင်ကြားရေးဆိုင်ရာ အသိအမှတ်ပြုထားသော အရည်အချင်းပြည့်ဝကျွမ်းကျင်သူများမှ စီမံဆောင်ရွက်သွားပါမည်။

2. All employees and the contractors related with the tasks of Max Myanmar Holding Company Ltd. upon commencement , the tasks shall be provided with a company induction training which include informations on the company's OHS policy, requirements and procedures, and the importance of healthy and safe working environment.

   ကုမ္ပဏီသည် မိမိတို့ဝန်ထမ်းများနှင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်ကြမည့် ကန်ထရိုက်တာများအားလုံးတို့ကို လုပ်ငန်းများမစတင်မီ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသောလုပ်ငန်းခွင်ပတ်ဝန်းကျင်တစ်ခု၏ အရေးပါမှုများ၊ လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ တရားဝင်လိုအပ်ချက်များဆိုင်ရာ သတင်းအချက်အလက်များပါဝင်သော လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး မိတ်ဆက်သင်တန်းများကို စီမံဆောင်ရွက်ပေးသွားမည်။

3. All employees shall receive site induction training that is specific to each and every site they are required to work on.

   ကုမ္ပဏီဝန်ထမ်းများသည် လိုအပ်သော လုပ်ငန်းများဆောင်ရွက်ရန် သက်ဆိုင်ရာလုပ်ငန်းခွင်များအလိုက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး မိတ်ဆက်သင်တန်းများကို တက်ရောက်ပြီး သင်တန်းညွှန်ကြားချက်များကို နားလည်သိရှိထားရမည်။

4. Depending on the tasks which may arise from time to time , the requirements of specific safety training shall be mentioned and provided to the employees as required.

သက်ဆိုင်ရာလုပ်ငန်းစဉ်များမှ အခါအားလျော်စွာ ပေါ်ပေါက်လာသော လုပ်ငန်းအခြေအနေများ အပေါ်မူတည်၍ သီးခြားဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း လိုအပ်ချက်များကို သတ်မှတ်ပြဌာန်းပြီး လိုအပ်သည့်အခါများတွင် ဝန်ထမ်းများအား သင်တန်းများ စီမံပို့ချပေးသွားမည်။

5. Max Myanmar Holding Co., Ltd in liaison with the appointed OHS Advisor shall be responsible for assessing and identifying employee training needs and shall arrange for training to be provided, as required.

မက်(စ်)မြန်မာကုမ္ပဏီသည် ခန့်အပ်ထားသော လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အကြံပေးနှင့်ဆက်သွယ်ဆောင်ရွက်ပြီး ဝန်ထမ်းများအတွက် လိုအပ်သော လုပ်ငန်းခွင် သင်တန်းများ နှင့် သင်တန်းအစီအစဉ်များကို အကဲဖြတ်၍သတ်မှတ်ဆောင်ရွက်သွားမည်။

**Personal Protective Equipment Policy** (လုပ်ငန်းခွင်သုံး ကိုယ်ခန္ဓာ ကာကွယ်ရေးပစ္စည်းမူဝါဒ)

1. Max Myanmar Holding Co., Ltd considers PPE to be last resource and preference shall always be given to the elimination or reduction of risks at source. PPE shall only be used to guard against residual risk that cannot be removed.

   ကုမ္ပဏီသည်ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများကိုအန္တရာယ်ရှိမှုအတိုင်းအဆများ၏ အရင်းအမြစ်များမှ ထိခိုက်မှုများ လျော့နည်းစေရန် (သို့မဟုတ်) လုံးဝ မရှိစေရန် နောက်ဆုံးအဆင့် ထိန်းချုပ်ခြင်းအနေဖြင့်သာ ဦးစားပေးသတ်မှတ်လုပ်ဆောင်ပါမည်။ ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများကို ကျန်ရှိနေသေးသော အန္တရာယ်ရှိမှုအတိုင်းအဆများမှ ကာကွယ်ပေးရန်သာလျှင် အသုံးပြုစေခြင်း ဖြစ်သည်။

2. The company shall carry out a pre-assessment for the provision of required personal protective equipment.

   ကုမ္ပဏီသည်လိုအပ်သောကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများကိုစီမံထားရှိပေးရာတွင်ကြိုတင်
   အကဲဖြတ် ဆန်းစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါမည်။

3. All employees shall be required to wear the PPE issued while working the tasks, maintain its in the clean and serviceable condition and store it in accordance with manufacturer's recommendations.

   ဝန်ထမ်းများသည်ကုမ္ပဏီမှထုတ်ပေးထားသော မိမိတို့၏ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများကို လုပ်ငန်းများဆောင်ရွက်ရာတွင် ဝတ်ဆင်လုပ်ကိုင်ရန်၊ကောင်းမွန်စွာအသုံးပြုနိုင်ရန်အတွက် သန့်ရှင်းစွာထားရှိရန်၊ပစ္စည်းထုတ်လုပ်သူများ၏အကြံပြုထောက်ခံချက်နှင့်အညီစနစ်တကျထိန်းသိမ်းထားရှိရန် လိုအပ်ပါသည်။

4. Basic PPE issued to employees shall consist of :

   ဝန်ထမ်းများ၏အခြေခံ ကိုယ်ခန္ဓာ ကာကွယ်ရေးပစ္စည်းများမှာ –

   (a) Safety Helmet — ဘေးအန္တရာယ်ကာကွယ်ရေး ဦးထုပ်

   (b) Protective safety footwear — ဘေးအန္တရာယ်ကာကွယ်ရေး ဖိနပ်

   (c) High visibility clothing — ကောင်းစွာမြင်နိုင်သောအဝတ်

   (d) Suitable gloves — သင့်လျော်သောလက်အိတ်

(e) Weather-proof clothing ရာသီဥတုဒဏ်ကာကွယ်သော အဝတ်တို့ဖြစ်ပါသည်။

5. The company shall ensure that all protective clothing and equipment issued is fit for use and being using in a proper manner through regular inspections.

ကုမ္ပဏီသည်ထုတ်ပေးထားသောကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများကိုကောင်းမွန်မှန်ကန်စွာ အသုံးပြုခြင်း ရှိ/ မရှိ နှင့် ကြံ့ခိုင်ဆီလျော်ခြင်း ရှိ/ မရှိ ကို ပုံမှန်စစ်ဆေးသွားမည်။

6. The company shall also ensure that all employees receive adequate instruction and training regarding the proper use and storage of PPE.

ကုမ္ပဏီသည် အလုပ်သမားဝန်ထမ်းများအား ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများနှင့်ပတ်သတ်သော ထားသိုသိမ်းဆည်းခြင်းများ၊ ကောင်းမွန်ဆီလျော်စွာ အသုံးပြုခြင်းနည်းလမ်းများကို လုံလောက်သော ညွှန်ကြားချက်များပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းများကို သေချာစွာ ဆောင်ရွက်ပါမည်။

7. Employees shall regularly inspect their PPE and report any missing or defective items to their line managers for replacement and/or repair as required.

ဝန်ထမ်းများသည် မိမိတို့၏ ကိုယ်ခန္ဓာကာကွယ်ရေး ပစ္စည်းများအား ပုံမှန်စစ်ဆေးပြီး ပစ္စည်းအစိတ်အပိုင်းတစ်ခုခု ပျောက်ဆုံးခဲ့ပါက(သို့မဟုတ်) ပျက်စီးသွားပါက ပြန်လည်အစားထိုးရန် (သို့) ပြန်လည်ပြုပြင်ရန် သက်ဆိုင်ရာ မန်နေဂျာများထံသို့အသိပေးတင်ပြရမည်။

**Alcohol and Drugs Policy (အရက်သောက်ခြင်းနှင့် မူးယစ်စေတတ်သော ဆေးဝါးများ သုံးစွဲခြင်းမူဝါဒ)**

All employees and subcontractors employed will be subjected to the following rules concerning the use/misuse of alcohol and drugs.

ကုမ္ပဏီဝန်ထမ်းများနှင့်တစ်ဆင့်ခံကန်ထရိုက်တာများ၏ဝန်ထမ်းများသည်အရက်နှင့်မူးယစ်စေတတ်သော ဆေးဝါးများ သုံးစွဲခြင်းနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာရပါမည်။

1. No employee will report for work whilst under the influence of either alcohol or drugs.

မည်သည့်ဝန်ထမ်းမှ အရက် (သို့) မူးယစစေတတ်သော ဆေးဝါးများကို သုံးစွဲပြီးလုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ခြင်းမပြုရ။

2. No employee shall consume alcohol and drugs on or off the premises during working hours, and if found in breach of this will be subjected to disciplinary action.

လုပ်ငန်းခွင်အဆောက်အအုံ ပရဝုဏ် အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ လုပ်ငန်းချိန်အတွင်း အရက်နှင့်မူးယစ်စေတတ်သော ဆေးဝါးများ ကိုလုံးဝသုံးစွဲခြင်း မပြုရ။ အကယ်၍ ဖောက်ဖျက်ကျူးလွန်ခဲ့ပါက စည်းမျဉ်းစည်းကမ်းနှင အညီ ထိရောက်စွာအရေးယူသွားမည်။

3. The use of drugs by employees are only permitted if they are prescribed or instructed by a medical practitioner and in the opinion of that specialist, will not impair the performance of the employee.

ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူအဖြစ် အသိအမှတ်ပြုထားသော ဆရာဝန်များ(သို့မဟုတ်) သားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ထောက်ခံချက်ဖြင့် သောက်သုံးရန်ညွှန်ကြားထားသော ဆေးဝါးများကို သောက်သုံးရသည့် ဝန်ထမ်းများကို သာလျှင် အလုပ်လုပ်ခွင့်ပြုပါသည်။

4. Any person found or suspected of being under the influence of alcohol or drugs in the workplace will be immediately required to vacate the site or premise by the company.

   လုပ်ငန်းခွင်တွင် အရက်နှင့် မူးယစ်စေတတ်သော ဆေးဝါးများကို သုံးစွဲထားသူ တစ်စုံတစ်ယောက်အား တွေ့ရှိပါက (သို့) သံသယရှိပါက ၊ လုပ်ငန်းခွင် (သို့မဟုတ်) အလုပ်ဌာန အဆောက်အအုံမှ ချက်ချင်း ဖယ်ရှားခြင်းခံရမည်။

## First Aid and Occupational Health Policy

**(အရေးပေါ်ရှေးဦးသူနာပြုစုရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးမူဝါဒ)**

1. Employees shall be provided First Aid Training which is approved by local government. Suitable and sufficient first aid equipment shall be provided at all the workplaces of company. Ensure that certified first aiders are responsible to replenish those first aid items.

   အလုပ်သမားဝန်ထမ်းများအားလုံးတို့ကို အစိုးရအသိအမှတ်ပြု ရှေးဦးသူနာပြုစုရေး သင်တန်းများ စီမံသင်ကြားပေးသွားမည်။ သင့်လျော်လုံလောက်သော ရှေးဦးသူနာပြုစုရေး ပစ္စည်းကိရိယာများကို ကုမ္ပဏီ၏ လုပ်ငန်းခွင်များအားလုံးတို့တွင် စီမံထောက်ပံ့ပေးသွားမည်ဖြစ်ပြီး၊ အသိအမှတ်ပြု ရှေးဦးသူနာပြုစုသူများသည် အသုံးပြုပြီးသော ရှေးဦးသူနာပြု ပစ္စည်းများကို ပြန်လည်ဖြည့်တင်းပေးရန် တာဝန်ရှိသည်။

2. The location of first aid stations shall be indicated with clearly visible first aid signage and maintained on all company sites.

   ကုမ္ပဏီ၏ လုပ်ငန်းခွင်များအားလုံးတို့တွင် ရှေးဦးသူနာပြုစုရေးဌာနတည်နေရာက ရှင်းလင်းမြင်သာ သောအမှတ်အသားများဖြင့် ညွှန်ပြထား၍ အသုံးပြုရန်အဆင်သင့်အနေအထားတွင် ကောင်းမွန်စွာ ထိန်းသိမ်းထားရှိရမည်။

3. Max Myanmar Holding Co., Ltd recognizes that it has a legal duty to inform employees of serious hazards to their health in the workplace (e.g. exposure to hazardous chemicals) and to provide employees exposed to such serious to health surveillance.

   မက်(စ်) မြန်မာ ကုမ္ပဏီ အုပ်စုအနေဖြင့် လုပ်ငန်းခွင်တွင် ဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ပြင်းထန်စွာ အန္တရာယ်ရှိသောကိစ္စရပ်များ၊ ( ဥပမာ-အန္တရာယ်ရှိသော ဓါတုပစ္စည်းများနှင့် ထိတွေ့ ရျရှိက်မိခြင်း ) အတွက် အန္တရာယ်ရှိကြောင်းကို အသိပေးရန်နှင့် ထိုကဲ့သို့ ပြင်းထန်သော ထိတွေ့ ရျရှိက်မှုများနှင့် ကြုံတွေ့ရသည့် ဝန်ထမ်းများအတွက် အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ရန် တာဝန်ရှိသည်။

4. Max Myanmar Holding Co, Ltd ensure that its employees are aware of the risks of exposure to hazardous substances and materials, particularly asbestos, in the workplace and protect to avoid such kind of substances exposure.

   မက်(စ်)မြန်မာကုမ္ပဏီ အုပ်စုသည် မိမိတို့၏ဝန်ထမ်းများအား လုပ်ငန်းခွင်များတွင် အန္တရာယ်ရှိစေသော ပစ္စည်းကိရိယာများနှင့် ထိတွေ့ရျှရှိက်မှုများ၏ အန္တရာယ်ရှိမှုအတိုင်းအဆများကို (အဓိက အားဖြင့်မီးခံကျောကပ္ပမ်းများ အသုံးပြုခြင်း) သတိရှိစေရန်အသိပေးခြင်းများနှင့် ယင်းအန္တရာယ်ရှိသော ပစ္စည်းများကို ထိတွေ့ရျှရှိက်မှုများမှ ကင်းဝေးစေရန် ကာကွယ်ဆောင်ရွက်ပေးသွားမည်။

5. All employees are instructed to seek assistance from immediate supervisors to stop work immediately, if any doubt exists as the nature of unforeseen asbestos exposed in the workplace.

   အကယ်၍လုပ်ငန်းခွင်များတွင် မမြင်နင်သော မီးခံကျောက်ဂွမ်းအန္တရာယ်များဖြစ်ပေါ်တည်ရှိနိုင်ကြောင်း သံသယရှိပါက ချက်ချင်းအလုပ်ရပ်နားနိုင်ရေးအတွက် သက်ဆိုင်ရာကြီးကြပ်သူများထံသို့ အကူအညီများ ရယူရန် ဝန်ထမ်းများအား ညွှန်ကြားထားသည်။

**Accidents/Incidents Reporting Policy**

**(မတော်တဆထိခိုက်မှုနှင့် မတော်တဆဖြစ်ရပ်များ သတင်းပေးပို့ခြင်းဆိုင်ရာမူဝါဒ)**

1. All company employees must report any accident, incident, near miss, case of occupational disease and dangerous occurrence to their supervisors, project/ line managers, OHS managers and the company's appointed OHS advisors who will notify to CEO or Executive Directors responsible for occupational health and safety by using the company accident reporting procedure as soon as practicable.

   ဝန်ထမ်းများသည် မတော်တဆထိခိုက်မှုများ၊ မတော်တဆဖြစ်ရပ်များ၊ မတော်တဆထိခိုက်မှုမှ ကပ်၍လွဲချော်ခြင်းများ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါဝေဒနာများနှင့် ဘေးအန္တရာယ်ရှိသောဖြစ်ရပ်များကို လုပ်ငန်းခွင် ကြီးကြပ်ရေးမှူးများ၊ စီမံကိန်းမန်နေဂျာများ၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ မန်နေဂျာများ နှင့် အကြံပေးပုဂ္ဂိုလ်များထံသို့ မတော်တဆထိခိုက်မှု သတင်းပေးပို့ခြင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးသတင်းပို့ ရမည်ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများမှ အလုပ်အမှုဆောင်အရာရှိချုပ် (သို့မဟုတ်) အမှုဆောင်ဒါရိုက်တာ များထံသို့ ဆက်လက်အသိပေး အကြောင်းကြားရမည်။

2. The company shall investigate all injury accidents, incidents and near misses within 48 hours of occurrence and / or earlier where practicable and underlying causes shall identify to assist in the prevention of recurrence.

   ကုမ္ပဏီသည် မတော်တဆထိခိုက်မှုများ၊ မတော်တဆဖြစ်ရပ်များနှင့် မတော်တဆထိခိုက်မှုမှ ကပ်၍လွဲချော်ခြင်းမြား အားလုံးတို့ကို အချိန်နှင့်တပြေးညီ (သို့မဟုတ်) ၄၈ နာရီအတွင်း စုံစမ်းထောက်လှမ်းပြီး ယင်းမတော်တဆဖြစ်မှုများ၏ အဓိက ဖြစ်ပွားစေသော အကြောင်းအရင်းများကို နောက်ထပ်တစ်ဖန် ထပ်မံဖြစ်ပွားမှုမရှိစေရန် ရှာဖွေဖော်ထုတ်သွားမည်။

3. Wherever possible, accident investigations shall be undertaken by the company's appointed OHS advisor.

   မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးလုပ်ငန်းကို ကုမ္ပဏ၏ခန့်အပ်ထားသော ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအကြံပေးက တာဝန်ယူဆောင်ရွက် သွားမည်။

4. The company shall submit a report of injuries, occupational diseases and dangerous occurrences in the required format and within the specific time frame to the relevant enforcing authority.

ကုမ္ပဏီသည် မတော်တဆထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဖြစ်ပွားမှုများနှင့် အန္တရာယ်ရှိသော ဖြစ်ရပ်များဖြစ်ပွားမှုကို သက်ဆိုင်ရာအခွင့်အာဏာရှိအဖွဲ့အစည်းထံသို့ သတ်မှတ်ထားသော အချိန်ကာလများအတွင်း လိုအပ်သော အစီရင်ခံစာ ပုံစံများအတိုင်း သတင်းပို့တင်ပြသွားမည်။

5. On sites not under the directly control of the company, all injury, non-injury accidents or near misses shall be reported to the principal contractor as required and company employees shall cooperate and coordinate their efforts with the top management and managers in any investigation carried out or subsequent report required.

ကုမ္ပဏီ၏ တိုက်ရိုက်ထိန်းချုပ်မှုလက်အောက်တွင် မရှိသောလုပ်ငန်းခွင်များအတွင်း ထိခိုက်မှုများရှိသော မတော်တဆဖြစ်မှုများ၊ ထိခိုက်မှုမရှိသော မတော်တဆဖြစ်မှုများ (သို့) မတော်တဆ ထိခိုက်မှုမှ ကပ်၍လွဲချော်ခြင်းများကို ပင်မ ကန်ထရိုက်တာထံသို့ လိုအပ်ချက်များနှင့်အညီ သတင်းပို့ပြီး ကုမ္ပဏီရှိ ဝန်ထမ်းများသည် ／င်းတို့၏အထက်အရာရှိများနှင့် သက်ဆိုင်ရာ မန်နေဂျာများ၏ စုံစမ်းစစ်ဆေးမှုများ(သို့မဟုတ်) လိုအပ်လျှင် နောက်ဆက်တွဲအစီရင်ခံစာများကိုလည်း အတူတကွ ပါဝင်လုပ်ဆောင်သွားမည်။

6. All accidents shall be recorded by the company in accident record files held for this purpose. Regular updatings are made in the accident record lists for every accident occurrence and shall keep those records for at least 3 years.

မတော်တဆထိခိုက်မှုများအားလုံးကို ကုမ္ပဏီ၏မတော်တဆထိခိုက်မှုဖြစ်စဉ်မှတ်တမ်းတွင် ရေးသွင်းမှတ်သားထားရမည်။ မတော်တဆထိခိုက်မှုဖြစ်စဉ်များအားလုံးတို့အတွက် မတော်တဆထိခိုက်မှုမှတ်တမ်းစာရင်းတွင် အချိန်နှင့်တပြေးညီပုံမှန်ဖြည့်စွက်ရေးသွင်း၍ ယင်းမှတ်တမ်းများကို အနည်းဆုံး (၃) နှစ်အထိ ထိန်းသိမ်းထားရှိသွားမည်။

**7.** Max Myanmar Holding Co., Ltd shall maintain the register of all work related accidents and ill health and shall compile by using the company accident analysis record, an annual trend analysis of all accidents, incidents and ill health to ensure that risk control resources are directed appropriately.

ကုမ္ပဏီသည်လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆထိခိုက်မှုများ၊ နာမကျန်းဖြစ်မှုများအားလုံးကို မှတ်တမ်းတင်စာရင်းသွင်းထားရှိပြီး၊ ကုမ္ပဏီ၏ မတော်တဆထိခိုက်မှု စိစစ်ခြင်းပုံစံများနှင့်အညီ အန္တရာယ်ရှိမှုအတိုင်းအဆ ထိန်းချုပ်မှုအရင်းအမြစ်များကို ကောင်းမွန်ဆီလျော်စွာ စီစဉ်ညွှန်ကြားမှုများဖြင့် သေချာစွာဆောင်ရွက်သွားနိုင်စေရန်အတွက် နှစ်စဉ် စိစစ်ထိန်းသိမ်းထားရှိပါမည်။

## Emergency Preparedness Policy – Fire and Evacuation Procedures

## (အရေးပေါ်အခြေအနေ ကြိုတင်စီမံထားရှိမှု မူဝါဒ – မီးဘေးနှင့် အန္တရာယ်မှ ထွက်ပြေးလွတ်မြောက်ခြင်း လုပ်ထုံးလုပ်နည်း)

1. Max Myanmar Holding Co., Ltd appointed OHS personnel will carry out a fire risk assessment for the project and produce a site fire safety plan identifying the fire safety arrangements which will include adequate fire detection, fire alarms and firefighting equipment, fire and emergency escape routes, suitable signage, identifying the location of a suitable fire assembly point, and undertake fire drills as appropriate.

ကုမ္ပဏီမှခန့်အပ်ထားသောလုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာတာဝန်ခံ များသည်သက်ဆိုင်ရာလုပ်ငန်းခွင်များအတွက်မီးဘေးအန္တရာယရှိမှုဆန်းစစ်ခြင်းလုပ်ငန်းများကိုဆောင်

ရွက်၍မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအမံများချမှတ်ပြီး လုံလောက်သော မီးထောက်လှမ်းရေး ကိရိယာများ၊ မီးလန့်အချက်ပေး ခေါင်းလောင်းများ၊ မီးသတ်ပစ္စည်းများ၊ မီးဘေးနှင့် အရေးပေါ် ထွက်ပေါက်လမ်းများ၊ သင့်လျော်သော သတိပေး အမှတ်အသား၊ မီးဘေးအန္တရာယ်ဖြစ်လျှင် အရေးပေါ်စုရပ်များ၊ မီးဘေးအန္တရာယ်အတွက် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားများနှင့် ကိုက်ညီမည့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ရေးလုပ်ငန်းများ စီမံဆောင်ရွက်သွားမည်။

2. Arrangements shall also be made to ensure the inspection, testing and monitoring of the precautions in place to ensure their effective operation.

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံထားရှိသောကိရိယာများအားလုံးတို့ကို ထိရောက် သောဆောင်ရွက်ချက်များဖြစ်နေစေရန် ကွင်းဆင်းစစ်ဆေးခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်းတို့ကို ပြုလုပ်သွားမည်။

3. All fire and emergency equipment supplied should be routinely inspected and maintained. Managers and supervisors should ensure that the equipment is installed in the agreed positions immediately once the site is in operation.

ကုမ္ပဏီမှ စီမံပေးထားသော မီးဘေးအန္တရာယ်နှင့် အရေးပေါ်ကိစ္စများအတွက် အသုံးပြုရန်ပစ္စည်းများ အားလုံးကို ပုံမှန်စစ်ဆေးပြီး ကောင်းစွာ ထိန်းသိမ်းထားရပါမည်။ သက်ဆိုင်ရာမန်နေဂျာများနှင့် ကြီးကြပ်ကွပ်ကဲရေးမှူးများသည် လုပ်ငန်းခွင်စတင်ချိန်မှစ၍ လိုအပ်သောပစ္စည်းကိရိယာများအား သတ်မှတ်နေရာများတွင် ချက်ချင်းတပ်ဆင်ထားရှိရန် တာဝန်ယူ လုပ်ဆောင်ရမည်။

4. Where any subcontractor is involved, it will be their responsibility to provide specific firefighting equipment within their area and ensure that safe systems of work are in place to prevent fire risk.

တစ်ဆင့်ခံကန်ထရိုက်တာများအနေဖြင့်လည်း သက်ဆိုင်ရာလုပ်ငန်းခွင်ဧရိယာများတွင် မီးဘေး အန္တရာယ်နှင့် အရေးပေါ်ကိစ္စများအတွက် အသုံးပြုရန်ပစ္စည်းများအားလုံးကို ⁄ င်းတို့၏ အစီအစဉ်ဖြင့် စီမံထားရှိပြီး၊ မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးအတွက် ဘေးကင်းလုံခြုံရေး နည်းစနစ် များကို သေချာစွာ တာဝန်ယူဆောင်ရွက်ထားရှိရမည်။

5. All employees and subcontractors on company and site shall be required to undertake a site induction that shall include compliance with fire and emergency arrangements in place and safe working procedures.

လုပ်ငန်းခွင်များရှိ တစ်ဆင့်ခံကန်ထရိုက်တာများ၏အလုပ်သမားဝန်ထမ်းများနှင့် ကုမ္ပဏီ၏ဝန်ထမ်း များအားလုံးတို့ကို မီးဘေးနှင့်အရေးပေါ်အခြေအနေ ကြိုတင်စီမံထားရှိမှု အစီအမံများ၊ ဘေးကင်း လုံခြုံရေးနည်းစနစ်များ ပါဝင်သည့် မီးဘေးအန္တရာယ်ကင်းရှင်းရေးမိတ်ဆက်ပြောကြားချက်များကို အသိပေးရှင်းလင်းရန် တာဝန်ရှိသည်။

## Implementing and Monitoring policy

## (အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာမူဝါဒ)

1. Max Myanmar Holding Co., Ltd recognizes that unannounced spot checks, regular inspections, audits and safety reviews are essential elements of the company's performance improvement and the company's appointed OHS advisor is authorized to undertake above essential OHS practices and procedures.

ကုမ္ပဏီသည် ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်း၊ ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်း၊ အကဲဖြတ်ကွင်းဆင်းစစ်ဆေးခြင်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းများကို ကုမ္ပဏီ၏ အောင်မြင်တိုးတကစေသော မရှိမဖြစ် လိုအပ်ချက်များအဖြစ် အသိအမှတ်ပြု ခံယူထားပြီး၊ ကုမ္ပဏီမှ ခန့်အပ်ထားသော လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအကြံပေးသည် အထက်ဖော်ပြပါအလေ့အထကောင်းများ၊ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

2. The company's appointed OHS advisor, where requested to do so by CEO or Executive Directors responsible for occupational health and safety, shall investigate accidents, record the significant findings and submit reports to CEO or Executive Directors responsible for occupational health and safety.

လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအကြံပေးသည်အလုပ်အမှုဆောင်အရာရှိ (သို့မဟုတ်)အမှုဆောင်ဒါရိုက်တာများကလုပ်ငန်းခွင်စစ်ဆေးရန်တောင်းဆိုပါကမတော်တဆဖြစ်မှုများအတက်စုံစမ်းစစ်ဆေးခြင်း၊ထူးခြားသောစုံစမ်းတွေ့ရှိချက်များအား မှတ်တမ်းတင်ပြီး၊သက်ဆိုင်ရာ အလုပ်အမှုဆောင်အရာရှိ (သို့မဟုတ်) အမှုဆောင် ဒါရိုက်တာများထံသို့ အစီရင်ခံတင်ပြခြင်းတို့ ပြုလုပ်ရပါမည်။

3. The project /site managers and supervisors are responsible for investigating work related causes of ill health and sickness absence and for recording their findings.

စီမံကိန်းမန်နေဂျာများ နှင့် ကြီးကြပ်ရေးမှူးများသည် လုပ်ငန်းခွင်ဆိုင်ရာ နာမကျန်းဖြစ်ရသည့် အကြောင်းအရင်းများကို စုံစမ်းစစ်ဆေးခြင်း၊ နာမကျန်းဖြစ်ခြင်းကြောင့် အလုပ်သို့ မလာနိုင်သည့် ကိစ္စများကိုစုံစမ်းစစ်ဆေးခြင်း ၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်များအား မှတ်တမ်းတင်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။

4. All employees and sub-contractors shall be made aware of the findings of accident reports by project / site managers, supervisors and OHS advisor or Executive Directors responsible for occupational health and safety.

လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆိုဒ်တာဝန်ခံများ၊ စီမံကိန်းမန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် အကြံပေး (သို့မဟုတ်) အမှုဆောင်ဒါရိုက်တာများ မှ မတော်တဆဖြစ်မှုများနှင့် သက်ဆိုင်သည့် စုံစမ်းတွေ့ရှိချက်များကို ဝန်ထမ်းများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအား အသိပေးရှင်းလင်းပြောကြားရမည်။

5. All company employees shall be responsible for taking necessary actions on the investigation findings in order to prevent further recurrences as the company is committed to the reduction of accidents in the workplace.

ကုမ္ပဏီသည် လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများ လျော့ကျရေးကို အလေးပေးဆောင်ရွက်ရန် ခံယူချက်ရှိထားသည်နှင့်အညီ ဝန်ထမ်းများအားလုံးတို့မှ မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးတွေ့ရှိချက်များကို ရှေ့ဆက်ပြီး ထပ်မံမဖြစ်ပွားစေရန်အတွက် လိုအပ်သောအရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် တာဝန်ရှိပါသည်။